# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 1 , 2024 Volume 74, Number 1


၁.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = Close |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၁.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၀.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၇.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ၂၀၂၄ ခုနှစ်တွင် ပြောင်းဈေးကွက် ကောင်းမွန်လာနိုင်ကြောင်း ပြောင်းကုန်သည်များသုံးသပ်



ပြည်တွင်းပြောင်းဈေးကွက်တွင် ပြီးခဲ့သည့် နိုဝင်ဘာလလယ်ခန့်ထိ အတက်အကျရှိခဲ့ရာက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ထုတ်ပြန်သည့် ပို့ကုန်/သွင်းကုန်နှင့် ပတ်သက်သောဖြေလျှော့မှုများကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီနောက်ပိုင်း ဈေးကွက်ကောင်းနိုင်သည်ဟုမျှော်လင့်ကြောင်း မြန်မာနိုင်ငံ၊ ပြောင်းလုပ်ငန်းရှင်များအသင်း၊ တာဝန်ရှိသူကပြောသည်။

ဖြေလျှော့သည့်မူဝါဒအရ ပို့ကုန်ဝင်ငွေရရှိမှုအပေါ် ဗဟိုဘဏ်၏ သတ်မှတ်နှုန်းထားဖြင့် ၅၀ ရာခိုင်နှုန်းကို ကျပ်ငွေလဲလှယ်ရမည့်အစား ၃၅ ရာခိုင်နှုန်းသို့ ဖြေလျှော့ပေးလိုက်ခြင်းကြောင့် ပို့ကုန်ဈေးကွက်လှုပ်ရှားလာသဖြင့် ပြောင်းဈေးကောင်းလာနိုင်မည့် အခြေအနေဟုဆိုသည်။

"မူဝါဒ အပြောင်းအလဲမထွက်ခင် နိုဝင်ဘာနောက်ဆုံးပတ်က ရန်ကုန်ဈေးကွက်မှာ ပြောင်းတစ်ပိဿာ ငွေကျပ် ၁၀၆၀ လောက်ကနေ ၁၁၃၀ ဝန်းကျင်ဖြစ်လာတော့ ဈေးမြင့်လာတယ်။ ၂၀၂၄ ခုနှစ်မှာ ထိုင်းနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ပြန်ဖွင့်နိုင်မယ်။ ထိုင်းဘက်ကလည်း အရင်လို အခွန်လွတ်ကာလ ပြန်တိုးပေးမယ်ဆိုရင် ဈေးက တဖြည်းဖြည်း ပြန်တက်လာမယ်မျှော်လင့်ရတယ်"ဟု ၎င်းကပြောသည်။

ကမ္ဘာ့ပြောင်းဈေးကွက်၌ ၂၀၂၃ ဇန်နဝါရီမှစ၍ နိုဝင်ဘာအတွင်း ဈေးအတက်အကျများစွာဖြစ်ပေါ်ခဲ့၍ ပြောင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၀ မှ ၃၀၀ ဝန်းကျင်အတွင်းရှိခဲ့ပြီး ရန်ကုန်တွင် ပြောင်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၀ ဝန်းကျင်၊ နယ်စပ်တွင် အမေရိကန်ဒေါ်လာ ၃၄၀ ဝန်းကျင် အမြင့်ဈေးရောက်ရှိခဲ့ရာက ၂၈၀ ဝန်းကျင်ထိ ကျဆင်းသွားခဲ့ကြောင်းသိရသည်။

"ဈေးကောင်းရရင် တောင်သူတွေ လုပ်သာကိုင်သာရှိမဲ့ အခြေအနေဖြစ်လာမယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှဒီဇင်ဘာထိ ပင်လယ်ရေကြောင်းနဲ့ပြောင်းတင်ပို့မှုကနေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ဖိုးရခဲ့တယ်။ နယ်စပ်လမ်းကြောင်းမှာ စာရင်းအတိအကျမသိရပေမဲ့ ဒေါ်လာတစ်သန်းနဲ့နှစ်သန်းကြား တင်ပို့နိုင်ခဲ့တယ်"ဟု ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှဧပြီလအတွင်း တရုတ်၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများသို့ ပြောင်းတန်ချိန် ၇ သိန်းဝန်းကျင် တင်ပို့သွားရန် MOU လက်မှတ်ရေးထိုးထားပြီးဖြစ်၍ နယ်စပ်လမ်းကြောင်းမှဖြစ်စေ၊ ပင်လယ်ရေကြောင်းမှဖြစ်စေ တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ဒီဇင်ဘာလ တတိယပတ်တွင် ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော် တင်ပို့နိုင်ခဲ့

(၁၆-၁၂-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃) ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၃၃၈ | ၈၁၉.၅၂၉ | ၂၆၉ | ၃၁၂.၅၂၅ | ၂၆၀၇ | ၁၁၃၂.၀၅၄ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၄.၃၁၇ | | ၈၂.၁၆၅ | | ၂၆၆.၄၈၂ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၅၇.၄၄၆ | | ၁၅.၀၃၃ | | ၇၂.၄၇၉ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၈၃ | | ၀.၀၆၀ | | ၀.၁၄၃ |
| (ဂ) | ရေထွက်ပစ္စည်း | | ၉.၁၀၃ | | ၇.၂၇၇ | | ၁၆.၃၈၀ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၃.၅၁၆ | | ၀.၂၃၄ | | ၃.၇၅၀ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၅၈ | | ၀.၀၀၁ | | ၁.၂၅၉ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၁၀၇.၀၄၂ | | ၅၉.၄၅၈ | | ၁၆၆.၅၀၀ |
| (ဆ) | အခြားပစ္စည်းများ | | ၅.၈၆၉ | | ၀.၁၀၂ | | ၅.၉၇၁ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုး စာရင်း
၁-၄-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၄၉၅၆၄၀၂၉၀ | ၃၁၈၄.၉၄၄ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၄၈၃၇၈၅၁၀ | ၂၄၂၁.၃၃၃ |
| ၃ | မတ်ပဲ | တန် | ၅၆၄၂၇၀ | ၅၁၄.၇၃၅ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၉၃၄၅၅၇ | ၄၅၀.၅၂၁ |
| ၅ | ပြောင်း | တန် | ၉၂၅၂၅၀ | ၂၇၆.၆၈၈ |
| ၆ | ငါး | တန် | ၂၁၇၆၇၁ | ၂၅၂.၄၃၃ |
| ၇ | ပဲတီစိမ်း | တန် | ၂၉၀၉၄၆ | ၁၉၇.၂၇၇ |
| ၈ | ရာဘာစိမ်း | တန် | ၁၁၀၂၉၀ | ၁၃၇.၉၃၃ |
| ၉ | ပဲစဥ်းငုံ | တန် | ၁၁၄၅၄၄ | ၁၀၂.၇၂၉ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၈၃၁၁၀ | ၈၄.၀၀၆ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၂၂-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၆၂၁.၁၄၇ |
| ၂ | တရုတ် | ၂၁၃၃.၇၄၄ |
| ၃ | ဂျပန် | ၈၄၁.၈၇၉ |
| ၄ | အိန္ဒိယ | ၆၁၁.၄၃၂ |
| ၅ | အမေရိကန် | ၄၃၃.၉၈၂ |
| ၆ | ဂျာမနီ | ၃၉၂.၁၆၇ |
| ၇ | ပိုလန် | ၃၅၆.၄၆၈ |
| ၈ | စပိန် | ၃၂၈.၈၂၁ |
| ၉ | တောင်ကိုရီးယား | ၂၈၄.၂၄၂ |
| ၁၀ | အီတလီ | ၂၃၄.၃၆၀ |

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ တတိယပတ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၆ သန်းကျော်ရှိသည်။ နှစ်သစ်ကူးကာလဖြစ်၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်လိုအားအတက်ဘက်သို့ ဦးတည်လျက်ရှိသည်။ ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့်အခြားပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ဖရဲ၊ သခွား၊ သစ်သီးဝလံများ၊ ရော်ဘာစိမ်း၊ ကြက်သွန်နီစသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ပုဇွန်နှင့်အခြားရေထွက်များ ပိုမိုတင်ပို့နိုင်သကဲ့သို့ စက်မှုကုန်ချောများဖြစ်သည့် CMP ချုပ်ပြီး အထည်များလည်း ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုအပတ်တွင် ပဲမျိုးစုံတန်ချိန် ၂၄,၇၇၉ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၁ သန်းကျော်ရရှိခဲ့သည်။ ပါကစ္စတန်၊ ထိုင်း၊ ယူအေအီး၊ ဗီယက်နမ်၊ ကနေဒါ၊ အမေရိကန်၊ ဂျပန်နိုင်ငံများသို့ ယခင်ရက်သတ္တပတ်များထက် ပင်လယ်ရေကြောင်းမှတင်ပို့မှု ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

နှမ်းမျိုးစုံမှာ နှစ်သစ်ကူးကာလအတွင်း ဝယ်လိုအားမြင့်တက်လျက်ရှိရာ တရုတ်နိုင်ငံသို့ ယခင်အပတ်ထက် နှမ်းမျိုးစုံ ပိုမိုတင်ပို့ခဲ့သည့်အပြင် ဂျပန်၊ ထိုင်း၊ စင်္ကာပူ၊ ထိုင်ဝမ်နိုင်ငံတို့မှလည်း ဝယ်လိုအားများပြားခဲ့သည်။ နှမ်းနက်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၈၀ မှ ၁၈၁၅ အထိ ပို့ကုန်ဈေးနှုန်းရရှိခဲ့ပြီး ပြည်တွင်းနှမ်းဈေးကွက်တွင်လည်း တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ကုန်စည်ဒိုင်ဈေးကွက်များ၌ နှမ်းနက် ၄၅ ပိဿာဝင် တစ်အိတ်လျှင် ၂,၉၅,၀၀၀ ကျပ်မှ ၃,၄၀,၀၀၀ ကျပ်ပေါက်ဈေးဖြင့် လတ်တလောတွင် ဈေးအတက်ဘက်သို့ ဦးတည်လျက်ရှိသဖြင့် စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုတွင် အထည်ချုပ်ကဏ္ဍသည် အဓိကကျသောကဏ္ဍမှပါဝင်သည်။ အထည်ချုပ်ကဏ္ဍမှ ပြည်ပတင်ပို့မှု၌ CMP လက်ခစားစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းမှာ အများဆုံးဖြစ်ပြီး လုပ်သားအင်အားအခြေပြုသည့် Labour Intensive Industry အကောင်းဆုံး အထည်ချုပ်လုပ်ငန်းဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ပြည်ပသို့ ချုပ်ပြီးအထည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂ သန်းကျော်ရရှိခဲ့ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ တင်ပို့ခဲ့သည်။ ဂျပန်၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့မှ အများဆုံး မှာယူတင်သွင်းခဲ့ကြောင်း သိရှိရသည်။

ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးဆောင်ရွက်ရာတွင် CMP ကဏ္ဍတိုးတက်ရေးကိုလည်း နိုင်ငံတော်မှ ဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ CMP အထည်ချုပ်လုပ်ငန်းအပြင် လျှပ်စစ်နှင့်အီလက်ထရောနစ်ပစ္စည်းများ၊ ဖိနပ်၊ အိတ်မျိုးစုံ၊ ဆံပင်အတု၊ မှန်ဘီလူးနှင့် ကင်မရာစသည့်စက်မှုလုပ်ငန်းများကိုလည်း CMP စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။

စက်ရုံအလုပ်ရုံများမှ ကုန်ကြမ်းပစ္စည်းလက်ခံပြီး ကုန်ချောထုတ်လုပ်ပေးသည့် CMP လက်ခစားစနစ်မှတစ်ဆင့် ကိုယ်တိုင် ထုတ်လုပ်တင်ပို့နိုင်သည့်စနစ်သို့ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိသည်။ သို့မှသာ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းကာ နိုင်ငံစီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ပကုန်သွယ်မှု၌ လယ်ယာကဏ္ဍ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ရော်ဘာ၊ သစ်သီးဝလံစသည်တို့ အထွက်နှုန်းတိုးအောင် ကြိုးပမ်းဆောင်ရွက်၍ ပို့ကုန်တိုးမြှင့်ရေး၊ CMP အထည်ချုပ်လုပ်ငန်းမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ CMP လုပ်ငန်းများ တိုးတက် များပြားလာမှုနှင့်အတူ ဘက်ပေါင်းစုံမှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာန၊ ဆက်စပ်ဌာနများ၊ အသင်း အဖွဲ့များမှ ထိရောက်သောပေါင်းစပ်ညှိနှိုင်းမှုများဖြင့် နိုင်ငံစီးပွားမြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ယခုရက်သတ္တပတ် ပို့ကုန်တင်ပို့နိုင်မှု အခြေအနေအား ဖော်ပြတိုက်တွန်းအပ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## နှစ်စဉ် ဝါးလုံးရေ ၃၀၁ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်း ထုတ်လုပ်တင်ပို့မှုမှ ပြည်ပဝင်ငွေရှာဖွေနေ

မြန်မာနိုင်ငံတွင် နှစ်စဉ် ဝါးလုံးရေ ၃၀၁ သန်းနှင့် ကြိမ်လုံးရေ ၇၇ သန်း ထုတ်လုပ်နိုင်ပြီး၊ ဝါးနှင့်ကြိမ်အချောထည် တင်ပို့မှုမှ ပြည်ပဝင်ငွေရှာဖွေပေးနေကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်ရီကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့ စိမ်းလဲ့ရေကြည်ခန်းမ၌ ကြိမ်/ဝါး အချောထည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဝါးနှင့်ကြိမ် အချောထည်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်အထိတင်ပို့၍ ပြည်တွင်းပြည်ပ ဝင်ငွေများ ရှာဖွေပေးနေသည့်အပြင် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက် ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

ကြိမ်နှင့်ဝါးအချောထည် MSME များ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပြီး နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေး၊ ကုန်ကြမ်းရရှိရေးနှင့် ထုတ်လုပ်ပြီးသောကုန်ချောများတင်ပို့ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်းလည်း ပြောကြားခဲ့သည်။

ပြည်တွင်းမှထွက်ရှိသော ကြိမ်အချောထည်ပစ္စည်းများ၊ ကြိမ်လုံး၊ ဝါးခြမ်း၊ ဝါးလုံးနှင့်ဝါးဖျာစသည့် ကြိမ်၊ ဝါးကုန်ကြမ်းများနှင့် အချောထည်ပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ ကြိမ်၊ ဝါးကုန်ကြမ်းများနှင့် အချောထည် ပစ္စည်းများကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှ၊ ဥရောပနှင့်တောင်အာဖရိကနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှင့် ပင်လယ်ရေကြောင်းတို့မှတဆင့် တင်ပို့ခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=143598

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၃၈၂ ဘီလျံကျော်ဖြစ်ပေါ်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကိုးလနီးပါးအတွင်း မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုကဏ္ဍတွင် ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၃၈၂ ဘီလျံကျော်ဖြစ်ပေါ်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့်စာရင်းများအရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၂၂ ရက်အထိ ပို့ကုန်ဒေါ်လာ ၁၀ ၄၀၆ ဒသမ ၂၇၃ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၁,၇၈၈ ဒသမ ၅၆၉သန်းရှိခဲ့ကာ ကုန်သွယ်မှုပမာဏဒေါ်လာ ၂၂,၁၉၄ ဒသမ ၈၄၂ သန်းအထိရရှိခဲ့သည်။ ယင်းအနက် သွင်းကုန်တင်သွင်းမှုမှာ ပို့ကုန်တင်ပို့မှုထက် ဒေါ်လာ ၁,၃၈၂ သန်းကျော်ဖြစ်ပေါ်ခဲ့ပြီး၊ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁ ဒသမ ၃၈၂ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှမတ် ၃၁ရက်အထိ မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၃၃ ဒသမ ၉၂၅ ဘီလျံ ရှိပြီး ယခင်နှစ်ကာလတူက ဒေါ်လာ ၃၀ ဒသမ ၃၅၁ ဘီလျံရှိသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ယခင်နှစ်ကာလတူထက် ပြည်ပကုန်သွယ်မှုဒေါ်လာ ၃ ဒသမ ၅၇၃ ဘီလျံအထိ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ပြည်ပနိုင်ငံများသို့တင်ပို့သည့် ပို့ကုန်ပမာဏဒေါ်လာ ၁၆ ဒသမ ၅၇၅ ဘီလျံရှိပြီး ယခင်နှစ် ကာလတူထက် ၁ ဒသမ ၀၈၄ ဘီလျံ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများမှတင်သွင်းသည့် သွင်းကုန်ပမာဏ ဒေါ်လာ ၁၇ ဒသ မ ၃၄၉ ဘီလျံရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂ ဒသမ ၄၈၉ ဘီလျံ ပိုမိုတင်သွင်းထားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက် ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့်အခြားကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။ ပြည်ပနိုင်ငံများသို့ ရင်းနှီး မြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းစသည်တို့ကို အဓိကတင်သွင်းနေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်နေပြီး အမျိုးသား ပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍစသည်တို့ ပါဝင်ကြောင်းသိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ပို့ကုန်ဒေါ်လာ ၁၄၉၂၇ ဒသမ ၀၆၅ သန်း(၁၄ ဒသမ ၉၂၇ ဘီလျံ)၊ သွင်းကုန်ဒေါ်လာ ၁၄,၆၅၈ ဒသမ ၀၈၄ သန်း (၁၄ ဒသမ ၆၅၈ ဘီလျံ)ဖြင့် ကုန်သွယ်မှု ပမာဏဒေါ်လာ ၂၉,၅၈၅ ဒသမ ၁၄၉ သန်း (၂၉ ဒသမ ၅၈၅ ဘီလျံ) ရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလအထိ ပို့ကုန်တန်ဖိုး ဒေါ်လာ ၁၇,၆၈၁ ဒသမ ၀၈၇ သန်း၊ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၉,၀၅၀ ဒသမ ၈၅၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၆,၇၃၁ ဒသမ ၉၄၂ သန်းရရှိခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ၁၇,၀၆၀ ဒသမ ၄၁၅ သန်း၊ သွင်းကုန် ဒေါ်လာ ၁၈,၀၈၆ ဒသမ ၅၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၅,၁၄၇ ဒသမ ၀၁၂ သန်းရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်(Mini Budget)ကာလအတွင်း ပို့ကုန်ဒေါ်လာ ၈,၈၆၁ ဒသမ ၀၃၂ သန်း၊ သွင်းကုန်ဒေါ်လာ ၉,၈၆၆ ဒသမ ၅၀၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈,၇၂၇ ဒသမ ၅၃၄ သန်းရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ၁၄,၈၈၃ ဒသမ၁၆၀သန်း၊ သွင်းကုန် ဒေါ်လာ ၁၈,၆၄၉ ဒသမ ၈၉၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၃၃,၅၇၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/article/286318

## အာဆီယံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်လိုအားကြောင့် မိုးကြက်သွန်ပေါ်ချိန် ဈေးကောင်းရနေ




အာဆီယံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်လိုအားရှိနေခြင်းကြောင့် မိုးကြက်သွန်စပေါ်ချိန် ဈေးကောင်းရနေကြောင်း ကြက်သွန်စိုက်တောင်သူနှင့် ကုန်သည်တချို့က ပြောပါတယ်။

မိုးကြက်သွန်မှာ ဆောင်းကြက်သွန်ထပ် အထွက်နည်းသောကြောင့် ကြက်သွန်စပေါ်ချိန်ဖြစ်သော်လည်း အမြင့်ဈေးတွင်ရှိနေခြင်းဖြစ်ကြောင်း တောင်သူများကပြောပါတယ်။

"မိုးကြက်သွန်ပေါ်တာက တစ်နိုင်ငံလုံး အတိုင်းအတာအရ ဆောင်းကြက်သွန်တစ်သောင်းထွက်မယ်ဆိုရင် မိုးကြက်သွန်က နှစ်ထောင်လောက်ပဲထွက်တယ်။ သူက ထွက်ရင် ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်ပဲထွက်တယ်။ တချို့နှစ်တွေဆို ၂၀ ရာခိုင်နှုန်းတောင်မထွက်နိုင်တာကြောင့် ဆောင်းကြက်သွန်ထက် ဈေးကမြင့်တယ်"လို့ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိ ကြက်သွန်တောဈေး တစ်ပိဿလျှင် ၂၄၀၀ မှ ၃၀၀၀ အထိ အရောင်းဝယ်ဖြစ်နေကြပြီး ရန်ကုန်လက်လီ ဈေးကွက်တွင် ကြက်သွန်ဈေးက တစ်ပိဿာ ၅,၀၀၀ ကျော်အထိ ဈေးဖွင့်ပါတယ်။

မြန်မာကြက်သွန်တွေ အဝယ်များလာတယ်လို့သိရတယ်။ ပြည်ပကအဝယ်ရှိလို့ ကြက်သွန်ဈေးကောင်းချင်ပေမဲ့ အရည်သွေးမကောင်းတော့ ဈေးတင်လို့မရဘူးဖြစ်နေတယ်။ တကယ် အလုံးကောင်း၊ အရည်သွေးကောင်း ကြက်သွန်တွေတင်ပို့ရင်တော့ ဒီထက်ဈေးပိုကောင်းလာမယ်လို့ထင်တယ်။ အရည်အသွေးကောင်းဖို့ကျတော့ စိုက်စရိတ်မတတ်နိုင်တဲ့တောင်သူတွေက များနေတယ်"လို့ ကြက်သွန်ကုန်သည်တစ်ဦးက ပြောပါတယ်။

လက်ရှိ ရန်ကုန်ဈေးအနေဖြင့် ပခုက္ကူကြက်သွန်နှင့် မြင်းခြံကြက်သွန်တစ်ပိဿာလျှင် ၁၉၀၀ ကျပ်မှ ၃၈၀၀ ကျပ်အထိ ပေါက်ဈေးရှိကြပြီး မြစ်သားကြက်သွန်တစ်ပိဿာလျှင် ၃၁၀၀မှ ၄၇၀၀ ကျပ်အထိ အရောင်းဝယ်ပြုလုပ်နေပါတယ်။

ဆောင်းကြက်သွန် စတင်စိုက်ပျိုးနေကြပြီး စိုက်ပျိုးရသည့် အထွေထွေကုန်ကျစရိတ်များ မြင့်တက်နေသောကြောင့် စိုက်ပျိုးရေးအပိုင်းမှာ အခက်အခဲရှိကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့မှ ကြက်သွန်နီစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

လတ်တလောတွင် သွင်းအားစုများဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများလည်း စိုက်ပျိုးသူတောင်သူများ ကြုံတွေ့နေရပါတယ်။ ယခုနှစ် မိုးရာသီတွင်စိုက်သည့် ကြက်သွန်အသစ်က စိုက်ပျိုးချိန် မိုးရွာသွန်းမှုများခဲ့ခြင်းကြောင့် အထွက်နှုန်းလျော့ကျကြောင်းဆိုသည်။ ကြက်သွန်နီကို တရုတ်၊ မြဝတီနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အဓိက တင်ပို့နေကြခြင်းဖြစ်သည်။

**Source: AMIA**

https://t.me/htwettoe

## တရုတ်သို့ G to G ဖြင့် မြန်မာ့ထောပတ်သီး တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်နေ



မြန်မာထောပတ်သီးကို တရားဝင်ပို့ကုန်အဖြစ် G to G ပူးပေါင်းဆောင်ရွက်မှုနဲ့ တရုတ်နိုင်ငံထံ တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ သိရပါတယ်။

အောက်တိုဘာလက တရုတ်နိုင်ငံ နန်နင်းကုန်စည်ပြပွဲမှာ မြန်မာ့ထောပတ်သီးကို မိတ်ဆက်ပြသခဲ့ရာ ဈေးကွက်ချိတ်ဆက်မှု အခွင့်အလမ်းများ ရရှိခဲ့တယ်လို့ ဆိုပါတယ်။ ဝယ်လိုအားဘက်မှလည်း မြန်မာ့ထောပတ်သီးကို နှစ်ခြိုက်ကြတဲ့အတွက် ဝယ်ယူနိုင်ရေး ကြိုးပမ်းလျက် ရှိတယ်လို့လည်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြောပါတယ်။

ရာသီချိန်ဖြစ်တဲ့ နိုဝင်ဘာလမှဇန်နဝါရီလအထိ ထောပတ်သီးလှိုင်လှိုင်ထွက်လေ့ရှိပြီး လက်ရှိမှာ ထိုင်းနိုင်ငံထံ တန်ချိန် ၅၀၀၀ ခန့် တင်ပို့ထားကြောင်း သိရပါတယ်။

ဟပ်စ် (Hass) အမျိုးအစား ထောပတ်သီးကို ထိုင်း၊ စင်ကာပူ၊ မလေးရှားနိုင်ငံတွေထံ တင်ပို့လျက်ရှိပြီး အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်တဲ့ ဘာရိန်းကလည်း လေကြောင်းကတစ်ဆင့်ဝယ်ယူဖို့ ဆွေးနွေးထားသလို ဥရောပနိုင်ငံအချို့ကလည်း မြန်မာ့ထောပတ်သီးကို စိတ်ဝင်စားလျက်ရှိပါတယ်။

ကမ္ဘာ့ဈေးကွက်မှာ ထောပတ်သီးတစ်ကီလို (၅) ဒေါ်လာအထိ အမြင့်ဆုံးရရှိထားပြီး လေကြောင်းကနေ ပို့ဆောင်စရိတ်က တစ်ကီလို (၃) ဒေါ်လာ ကျသင့်တာကြောင့် ရေလမ်းကြောင်းကနေ ပို့ဆောင်နိုင်မယ်ဆိုရင် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မယ်လို့ သိရပါတယ်။

လက်ရှိ အိန္ဒိယထောပတ်သီးကုမ္ပဏီတစ်ခုရဲ့ မြန်မာ့ထောပတ်သီးဝယ်ယူရေး ကမ်းလှမ်းချက်ကို ပို့ဆောင်မှုစရိတ်သက်သာတဲ့နည်းလမ်းဖြစ်တဲ့ ရေလမ်းခရီးကနေ တင်ပို့နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ မိတ်ဖက်အဖွဲ့အစည်းများ ကြိုးပမ်းလျက်ရှိတယ်လို့ သိရပါတယ်။

**Source: BETV Business**

## မြန်မာနိုင်ငံထွက် မြေပဲလုံးဆန်ကို တစ်ပိဿာ ကျပ် ၇၀၀၀ ကျော်ဈေးဖြင့် တရုတ်ဝယ်ယူနေ

တရုတ်နိုင်ငံမှ အဝယ်လိုက်နေသည့်အတွက် မန္တလေးဈေးကွက်အတွင်း၌ မြေပဲလုံးဆန်များ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးရှိ ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါ မြေပဲလုံးဆန်များကို တရုတ်နိုင်ငံမှဝယ်လိုအားကြောင့် တစ်ပိဿာလျှင် ကျပ် ၇၃၀၀၊ မြေပဲလုံးဆန် S-1 (အဖြူ) တစ်ပိဿာကျပ် ၇၁၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

မန္တလေးဈေးကွက်အတွင်းသို့ နွားထိုးကြီး၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ချောက်စသည့် ဒေသအသီးသီးမှ မြေပဲလုံးဆန်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ မန္တလေးဈေးကွက်အတွင်း မြေပဲလုံးဆန်အပြင် နယ်စုံဒေသမှ ဆောင်းမြေပဲများလည်း လှိုင်လှိုင်ဝင်ရောက်နေပြီး မြေပဲဆန်များလည်း အရောင်းအဝယ်ကောင်းနေပြီး မြေပဲသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးကြောင်း သိရသည်။

Source: https://t.me/sdtimedaily

## STOCK EXCHANGE (1.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,084 (Shares) | 15,018,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 34 | 295,800 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 717 | 2,023,400 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +100 | +1.27% | 8,000 | 8,000 | 8,000 | 4 | 32,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,550 | 590 | 922,000 | 29,664,613 | 47,463 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2 | 5,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 625 | 1,235,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | -100 | -2.08% | 4,700 | 4,700 | 4,700 | 37 | 173,900 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 6,075 | 10,331,250 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 1st Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.24 | -0.01 | +0.00% | 366.69 | 367.24 | 363.71 | 8,084 | 15,018,350 | 8 | 692,684 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Jan. 2024

| Trading Volume | Trading Value |
|---|---|
| 8,084 (Shares) | 15,018,350 (MMK) |

### Main Board

As of 1:00 pm, 1st Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,084 (Shares) | 15,018,350 (MMK) |

| MYANPIX | 367.24 ▼ 0.01 |
|---|---|
| Total Volume (shares) | 8,084 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,684 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 100 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |